# မြန်မာအစိုးရတပ် မတရားထိုးစစ်ဆင်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ထိုင်းနိုင်ငံရောက် ကချင်လူမျိုးများ၏ သဘောထားထုတ်ပြန်ချက်

**ရက်စွဲ။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၂၅) နေ့**

၂၀၁၁ ခုနှစ် ဇွန်လမှစ၍ KIA နှင့် မြန်မာအစိုးရတပ်တို့ကြား တဖန်ပြန်ဖြစ်ပွားခဲ့သော တိုက်ပွဲမှစ၍ ယနေ့အချိန်ထိ မြန်အစိုးရဘက်မှ တဖက်သတ် ထိုးစစ်ဆင် တိုက်ခိုက်နေခြင်းသာဖြစ်သည်။ စစ်ပွဲသည် ၁၉ လ ကျော်လာခဲ့ပြီ ဖြစ်သည်။ စစ်ကြောင့် ကချင်ပြည်သူများ အထူးသဖြင့် အမျိုးသမီးနှင့်ကလေး ငယ်များသည် မိမိဇာတိ နေရပ်ရွာများကို စွန့်ခွာပြီး ဘေးကင်းရာသို့ ထွက်ပြေးခိုလှုံနေရသည်။ ယနေ့၌အချိန်တွင် စစ်ပြေးဒုက္ခသည်ပေါင်း ၁ သိန်းကျော် ရှိနေပြီဖြစ်သည်။

မြန်မာအစိုးရစစ်တပ်သည် KIA အားထိုးစစ်ဆင်သည့်တချိန်တည်းတွင် ရွာများမီးရှို့ဖျက်ဆီးခြင်း ကချင်ရွာသားများအား အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ ကချင်အမျိုးသမီးများအား ဖမ်းဆီးမုဒိန်းကျင့်ခြင်း၊ ကချင်ကလေးငယ်များကို ပါမကျန် တရားမဲ့ သတ်ဖြတ်ခြင်း စသည့် ရာဇဝတ်မှုမျိုးစုံကို ကျူးလွန်ခဲ့သည်။ မြန်မာအစိုးရစစ်တပ်သည် KIA အားတိုက်ခိုက်သည်သာမက အပြစ်မဲ့ ကချင်ပြည်သူများကိုပါ ပစ်မှတ်ထား တိုက်ခိုက်နေသည့်အတွက် ကချင်ပြည်နယ်အတွင်းနေထိုင်သော ပြည်သူများအားလုံး၊ ရှမ်းပြည်မြောက်ပိုင်းရှိ ကချင်လူမျိုးသာမက ကျန်တိုင်းရင်းသားများပါ စစ်ပွဲဒဏ်ကိုခံနေရသည်။

နိုင်ငံရေးပြဿနာအား နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးအဖြေရှာမည့်အစား မြန်မာအစိုးရတပ်သည် KIA အား နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ဖိအားပေးခဲ့သောကြောင့် ၁၉၉၄ ခုနှစ်တွင် KIA နှင့် မြန်မာအစိုးရအကြား ချုပ်ဆိုခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်သည် ၂၀၁၁ ခုနှစ် ဇွန်လတွင် ပျက်ပြယ်ခဲ့သည်။

တိုက်ပွဲကာလတစ်လျှောက်လုံးတွင် မြန်မာအစိုးရတပ်များသည် KIA ၏ ခံတပ်ကုန်းများ၊ လိုင်ဇာမြို့ နှင့် ကချင်ဒုက္ခသည်စခန်းများသို့ လေယာဉ်များဖြင့်ဗုံးကျဲခြင်း၊ တာဝေးပစ်အမြောက်များနှင့် တရစပ်ပစ်ခတ်ခြင်း တို့ကြောင့် အပြစ်မဲ့ပြည်သူများစွာ အသက်ဆုံးရှုံးနေရသည်။

ထို့ကြောင့်သမ္မတဦးသိန်းစိန်အစိုးရ၏ ဒီမိုကရေးစီပြုပြင်ရေးလုပ်ငန်းသည် တိုင်းရင်းသားများ နှင့် ကချင် တိုင်းရင်းသားများအား အမြစ်ဖြုတ်ရေးသာဖြစ်ပြီး တိုင်းရင်းသားများနှင့် တန်းတူနေထိုင်ရေး မှု မဟုတ်ကြောင်း ထင်ရှားသည်။

**အမေရိကန်အစိုးရအနေနှင့် ကချင်တိုင်းရင်းသားများ စစ်ဘေးဒုက္ခကြုံနေရချိန်တွင် အသံတိတ်မနေသင့်ပေ။ ၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်ဖြစ်ချိန်တွင် ကချင်ရိုင်ဖယ်တပ်များသည် မဟာမိတ်တပ်များနှင့်အတူ ဖက်ဆစ်ဂျပန်အားတိုက်ထုတ်ခဲ့စဉ် ကြံကြံခံပါဝင်ခဲ့သည်ကို အမေရိကန်အစိုးရအနေဖြင့်မမေ့သင့်ပေ။ ထို့ကြောင် ယနေ့ကချင်ညီအစ်ကိုများသည် မြန်မာစစ်တပ်၏ တဖက်သတ်ထိုးစစ်ဆင်တိုက်ခိုက်မှုအား ခါးစည်းခံနေရချိန်တွင် အမေရိကန်အစိုးရ၏ အကူအညီသည် အလွန်ပင် အရေးကြီးသည်။**

**သို့ပါ၍ ကချင်ပြည်နယ်အရေးကို အမေရိကန်အစိုးရအနေဖြင့် အောက်ပါအတိုင်း ကူညီဆောင်ရွက်ပေးပါရန် ထိုင်းနိုင်ငံရောက် ကချင်လူမျိုးများ မှ လေးစားစွာဖြင့် တောင်းဆိုအပ်ပါသည်။**

**အမေရိကန်အစိုးရထံသို့တောင်းဆိုချက်များ**

(၁) လူသားခြင်း စာနာထောက်ထားမှုဖြင့် ကူညီသော အကူအညီများအား လိုင်ဇာမြို့တစ်ဝိုက်ရှိ ဒုက္ခသည်စခန်းနှင့် ကချင်-တရုတ်ပြည်နယ်စပ် တလျှောက် ရှိ ဒုက္ခသည်စခန်းများသို့ ပေးပို့ရန်။

(၂) အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများ ဖြေလျော့ပေးခြင်းကို ပြန်လည်သုံးသပ်၍ အရေးယူပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်ရန်။

(၃) တရုတ်အစိုးရအား UNHCR ရုံးဖွင့်လှစ်၍ ကချင်ဒုက္ခသည်များကို အကူအညီပေးခွင့်ရရန်အတွက် တိုက်တွန်းပေးရန်။

(၄) အမေရိကန်အစိုးသည် ကချင်တိုင်းရင်းသားများအရေးအပေါ် ရေငုံနှုတ်ပိတ်မနေပဲ ဤကချင်လူမျိုးများအတွက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အလေးထားဆွေးနွေးမှု ဖြစ်လာစေရန်အတွက်တိုက်တွန်းဆောင်ရွက်ပေးရန်။

(၅) တပြည်လုံးဆိုင်ရာ စစ်မှန်သောငြိမ်းချမ်းရေးများလုပ်ငန်းစဉ်များကို မြန်မာအစိုးရမှ မှန်မှန်ကန်ကန် အကောင်အထည်ဖေါ် ဆောင်နိုင်ရန်အတွက် တိုက်တွန်းပေးပါရန်။

**ဆက်သွယ်ရန်**

မဆိုင်းဇင် +၆၆ (၀) ၈၄၆၁၀၄၂၃၃၀
ဦးလနူးနန် + ၆၆ (၀) ၈၄ ၆၁၂၂ ၆၉၇